ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၄၀၀ကျပ် ငွေလေးရာကျပ် K 400

# " Valvoline အမှတ်တံဆိပ် Lubricant(အင်ဂျင်ဝိုင်)များ ရောင်းချပေးရန်အတွက် ယုံကြည်စွာအပ်နှံခြင်းဆိုင်ရာ နှစ်ဖက်သဘောတူစာချုပ် "

## စာချုပ်အမှတ် - DLD-PO-2023 / 03 / 004

ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ 7 လ၊( ၈ )ရက်။

မော်လမြိုင် ---------------------------------- မြို့နယ်။

ပထမတစ်ဖက် ။ ။ People Origin Co., Ltd. (UMG Group of Companies) (ကိုယ်စား)
ဒေါ်စိမ့်စိမ့်သူ (၁၄/ခနဖ(နိုင်)၁၃၃၆၂၆)
အမှတ်(၁၉၄၇/ဘီ)၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

နှင့်

ဒုတိယတစ်ဖက် ။ ။ ဦးအောင်ကိုကို(၁၀/မလမ(နိုင်)၁၄၄၂၀၇)
Hero (ဆိုင်ကယ်အပိုပစ္စည်း လက်လီ/လက်ကားရောင်းဝယ်ရေး)
အမှတ်(၂၃၂)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်ကွက်၊
မော်လမြိုင်မြို့၊ မွန်ပြည်နယ်၊ ဖုန်း-၀၉-၄၃၀၀၂၄၂၂၊ ၀၉-၇၃၀၅၁၀၂၈။

(အထက်အမည်ပါ (ပထမတစ်ဖက်) People Origin Co., Ltd (UMG Group of Companies)ဟုဆိုရာတွင် ကုမ္ပဏီနှင့်တကွ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဒါရိုက်တာအဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူများ အကျုံးဝင်ကြောင်းနှင့် (ဒုတိယတစ်ဖက်) ဦးအောင်ကိုကို၊ Hero (ဆိုင်ကယ်အပိုပစ္စည်း လက်လီ/လက်ကားရောင်းဝယ်ရေး)ဟုဆိုရာတွင် ၎င်းကိုယ်တိုင်နှင့်တကွ ၎င်း၏ အမွေစားအမွေခံများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူများပါ အကျုံးဝင်ကြောင်း နားလည်သဘောပေါက်ကြပါသည်။)

၁။ (ဒုတိယတစ်ဖက်) ဦးအောင်ကိုကိုသည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အောက်လမ်းမကြီး၊ အမှတ်(၂၃၂)တွင် Hero (ဆိုင်ကယ်အပိုပစ္စည်း လက်လီ/လက်ကားရောင်းဝယ်ရေး)ကို လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ကြောင်း သိရှိရပြီး၊ (ဒုတိယတစ်ဖက်) ဦးအောင်ကိုကိုသည် (ပထမတစ်ဖက်) People Origin Co., Ltd. (UMG Group of Companies)မှ ရောင်းချသော Valvoline Lubricant (MCO-Motor Cycle Oil)များကို ကိုယ်စားလှယ်အဖြစ် မိမိထံ အပ်နှံရောင်းချစေလိုကြောင်း၊ အဆိုပါ Valvoline Lubricant များကို မိမိမှ ရောင်းချပြီးနောက် ရောင်းကြေးငွေများကို သတ်မှတ်ထားသောရက်တွင် ပထမတစ်ဖက်သို့ အပြေအကြေပေးသွင်းမည်ဖြစ်ကြောင်း ယုံကြည်အောင် ပြောဆိုကမ်းလှမ်းလာသည်ကို (ပထမတစ်ဖက်) People Origin Co., Ltd. (UMG Group of Companies)မှလည်း ယုံကြည်၍ (ဒုတိယတစ်ဖက်) ဦးအောင်ကိုကို၏ ကမ်းလှမ်းချက်ကို သဘောတူလက်ခံပါသည်။

၂။ People Origin Co., Ltd. (UMG Group of Companies)သည် ဦးအောင်ကိုကို၏ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အောက်လမ်းမကြီး၊ အမှတ်(၂၃၂)တွင် Valvoline Lubricant များကို ဖြန့်ဖြူးရောင်းချရန် နှစ်ဖက်သဘောတူညီကြပါသည်။

၃။ ဦးအောင်ကိုကိုသည် People Origin Co., Ltd. (UMG Group of Companies)ထံမှ Valvoline Lubricant များကို တစ်လလျှင် အနည်းဆုံးလီတာ (MCO) လီတာ(၄၀၀) ပုံမှန်ရောင်းချပေးမည်ဖြစ်ပါသည်။ လုပ်ငန်းကာလ (တစ်)နှစ်အတွင်း ဦးအောင်ကိုကိုမှ နှစ်ဖက်သဘောတူသတ်မှတ်ထားသည့်စံချိန် အင်ဂျင်ဝိုင်(၄,၈၀၀)လီတာပြည့်မီအောင် ရောင်းချနိုင်ပါက Additional (၃)ရာခိုင်နှုန်းဖြင့် အကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါသည်။

စာမျက်နှာ - ၂ - သို့

REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၁၀၀ ကျပ် ငွေတစ်ရာကျပ် K 100



၄။ ဦးအောင်ကိုကိုသည် People Origin Co., Ltd. (UMG Group of Companies)ထံမှ မိမိမှာယူထားသော Valvoline Lubricant များကို အရောင်းဘောင်ချာဖွင့်သည့်နေ့မှစ၍ ရက်(၃၀)ပြည့်မြောက်သည့်နေ့တွင် အင်ဂျင်ဝိုင် အရောင်းတန်ဖိုးငွေများကို ကုမ္ပဏီသို့ မပျက်မကွက်တစ်လုံးတစ်ခဲတည်း အပြည့်အဝအပြေအကြေပေးချေမည် ဖြစ်ပါသည်။ ဦးအောင်ကိုကိုမှ ပထမမှာယူထားသော အင်ဂျင်ဝိုင်များ၏ တန်ဖိုးငွေများကို People Origin Co., Ltd. (UMG Group of Companies)သို့ အပြေအကြေပေးချေပြီးမှသာ နောက်ထပ်အင်ဂျင်ဝိုင်များကို မှာယူရောင်းချရန် နှစ်ဖက်သဘောတူညီကြပါသည်။

၅။ People Origin Co., Ltd (UMG Group of Companies)သည် ဦးအောင်ကိုကို မှာယူထားသော Valvoline Lubricant များကို ဦးအောင်ကိုကို၏ Hero (ဆိုင်ကယ်အပိုပစ္စည်း လက်လီ/လက်ကားရောင်းဝယ်ရေး)သို့ အရောက်ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

၆။ အဆိုပါအင်ဂျင်ဝိုင်များကို ဦးအောင်ကိုကိုမှ စစ်ဆေးလက်ခံရယူပြီးနောက် အဆိုပါ Valvoline Lubricant များကို ပျက်စီးယိုယွင်းခြင်းကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းတစ်စုံတစ်ရာကြောင့်သော်လည်းကောင်း၊ မည်သည့်အကြောင်းပြချက်နှင့်မျှ အဆိုပါအင်ဂျင်ဝိုင်များကို ပြန်၍လဲလှယ်ပေးရန် People Origin Co., Ltd. (UMG Group of Companies)သို့ တောင်းဆိုမည်မဟုတ်ကြောင်း ဦးအောင်ကိုကိုမှ ဝန်ခံကတိပြုပါသည်။

၇။ ဦးအောင်ကိုကိုသည် Valvoline Lubricant များကို နှစ်ဖက်သဘောတူသတ်မှတ်ထားသည် မော်လမြိုင်မြို့ တွင်သာ ကုမ္ပဏီမှ သတ်မှတ်ထားသော ပူးတွဲစာရင်းတွင် ပါရှိသည့်ဈေးနှုန်းအတိုင်း ဖြန့်ဖြူးရောင်းချပေးမည် ဖြစ်ပါသည်။

အကယ်၍ ဦးအောင်ကိုကိုမှ နှစ်ဖက်သဘောတူသတ်မှတ်ထားသည့် မော်လမြိုင်မြို့အပြင် အခြားမြို့များသို့ Valvoline Lubricant များကို ရောင်းချခဲ့ပါက ဖြစ်ပေါ်လာသော People Origin Co., Ltd. (UMG Group of Companies)၏ နစ်နာမှုအဝဝကို ဦးအောင်ကိုကိုမှ တာဝန်ယူပေးလျော်ရမည်။

၈။ Valvoline Lubricant များ ရောင်းချခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မှန်ကန်မျှတမှုကိုအခြေခံ၍ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ကြရမည်။ အကယ်၍ ပြေလည်မှုမရရှိခဲ့ပါက တည်ဆဲဥပဒေ နှင့်အညီ ဖြေရှင်းဆောင်ရွက်ကြရန် နှစ်ဖက်သဘောတူညီကြပါသည်။

၉။ Valvoline Lubricant များကို ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချရန် နှစ်ဖက်သဘောတူသတ်မှတ် ကာလသည် ( ၈ - ၃ - ၂၀၁၃ )ရက်နေ့မှ (၈ - ၃ - ၂၀၁၄)ရက်နေ့အထိ (တစ်)နှစ်တိတိ ဖြစ်ပါသည်။

၁၀။ အကယ်၍ (တစ်)နှစ်ပြည့်မြောက်ပြီးနောက် Valvoline Lubricant များကို ဆက်လက်ရောင်းချလိုပါက ဦးအောင်ကိုကိုမှ People Origin Co., Ltd (UMG Group of Companies)သို့ စာချုပ်သက်တမ်းမပြည့်မီ (တစ်လ) ကြိုတင်၍ စာဖြင့် အကြောင်းကြားပေးမည်ဖြစ်ပါသည်။

ကုမ္ပဏီမှ သဘောတူညီပါက သီးခြား Valvoline Lubricant အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်ဖြစ်ပြီး၊ ကုမ္ပဏီမှ သဘောတူညီမှုမရှိပါက ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချရန် နှစ်ဖက်သဘောတူသတ်မှတ်ကာလပြည့် မြောက်သည့်နေ့တွင် စာရင်းဇယားနှင့် ငွေကြေးကိစ္စရပ်များ အပြီးအပြတ်ရှင်းလင်းဖြေရှင်းပြီးမှသာ အရောင်းကိုယ်စား လှယ်အဖြစ်မှ ကုန်ဆုံးရပ်စဲပြီဖြစ်ကြောင်း သိရှိသဘောတူပါသည်။

စာမျက်နှာ - ၃ - သို့

REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း

REVENUE STAMP

၁၀၀ကျပ် ငွေတစ်ရာကျပ် K 100



၁၁။ အရောင်းကိုယ်စားလှယ်အဖြစ် သက်တမ်းကုန်ဆုံးသည့်နေ့တွင် ဦးအောင်ကိုကို ဝယ်ယူထားသော Valvoline Lubricant များ၏စာရင်းကို နှစ်ဖက်စစ်ဆေးအတည်ပြုပြီး၊ အဆိုပါစာရင်းတွင် ပါရှိသည့် Valvoline Lubricant တန်ဖိုးငွေများကို (၃၀)ရက်အတွင်း ဦးအောင်ကိုကိုမှ ကုမ္ပဏီသို့ မပျက်မကွက် တစ်လုံးတစ်ခဲတည်း အပြေအကြေပေးသွင်းပါမည်ဟု ဝန်ခံကတိပြုပါသည်။

၁၂။ ဤစာချုပ်ပါစကားရပ်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် စာချုပ်ဖျက်သိမ်းခြင်းတို့ကို နှစ်ဖက်သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။

အထက်ပါစကားရပ်များကို ပထမတစ်ဖက် People Origin Co., Ltd (UMG Group of Companies)နှင့် ဒုတိယတစ်ဖက် ဦးအောင်ကိုကို၊ Hero (ဆိုင်ကယ်အပိုပစ္စည်း လက်လီ/လက်ကားရောင်းဝယ်ရေး)ဆိုင်တို့သည် သေချာစွာ ဖတ်ရှုသိရှိ နားလည်သဘောပေါက်ကြပြီး၊ မိမိတို့၏ လွတ်လပ်သော ပင်ကိုယ်စိတ်ဆန္ဒများအရ သဘောတူညီကြသဖြင့် အောက်ပါအသိသက်သေများတို့ရှေ့မှောက်တွင် ဤစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်။

| ပထမတစ်ဖက် | ဒုတိယတစ်ဖက် |
|---|---|
| (signature) | (signature) |
| People Origin Co., Ltd. (UMG Group of Companies) (ကိုယ်စား)<br>ဒေါ်စိမ့်စိမ့်သူ (၁၄/မနဖ(နိုင်)၁၃၃၆၂၆) | ဦးအောင်ကိုကို(၁၀/မလမ(နိုင်)၁၄၄၂၁၇)<br>Hero (ဆိုင်ကယ်အပိုပစ္စည်း<br>လက်လီ/လက်ကားရောင်းဝယ်ရေး) |

အသိသက်သေများ

| | | | |
|---|---|---|---|
| လက်မှတ် | (signature) | လက်မှတ် | (signature) |
| အမည် | | အမည် | |
| မှတ်ပုံတင် | | မှတ်ပုံတင် | |
| နေရပ် | | နေရပ် | |